# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

# တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်-၄၃

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

# တနင်္သာရီတိုင်းဒေသကြီး
# ရေချိုငါးလုပ်ငန်းဥပဒေ

မာတိကာ-၁


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂)<br>ရည်ရွယ်ချက်များ | ၆ |
| ၃။ | အခန်း (၃)<br>အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၇ |
| ၄။ | အခန်း (၄)<br>အခွန်အခပေးဆောင်ခြင်း | ၈ |
| ၅။ | အခန်း (၅)<br>တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၉ |
| ၆။ | အခန်း (၆)<br>ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ | ၁၂ |
| ၇။ | အခန်း (၇)<br>ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ | ၁၃ |
| ၈။ | အခန်း (၈)<br>စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း | ၁၃ |
| ၉။ | အခန်း (၉)<br>ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ငါးလုပ်ငန်းများလုပ်ကိုင်ခြင်း | ၁၄ |
| ၁၀။ | အခန်း (၁၀)<br>အယူခံခြင်း | ၁၆ |
| ၁၁။ | အခန်း (၁၁)<br>ပြန်အမ်းငွေလျှောက်ထားခြင်း | ၁၈ |
| ၁၂။ | အခန်း (၁၂)<br>တားမြစ်ချက်များ | ၁၉ |

မာတိကာ-၂


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | အခန်း (၁၃)<br>ပြစ်ဒဏ်များ | ၂၁ |
| ၁၄။ | အခန်း (၁၄)<br>အထွေထွေ | ၂၂ |

# တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၈ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄၃ ။ )

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

## နိဒါန်း

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ရေချိုငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် စနစ်တကျ စီမံခန့်ခွဲမှုပြုနိုင်ရန်အလို့ငှာ ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို ဆိုသည်။

(ဃ) **ဌာန** ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနနှင့် ယင်း၏ လက်အောက်ခံဌာနများကိုဆိုသည်။

(င) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်ဖြစ်စေ၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်ဖြစ်စေ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဇ) **ငါးလုပ်ငန်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းသည့်မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသော ယာဉ်များလည်း ပါဝင်သည်။

(ဌ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့် ယာဉ်ကိုဆိုသည်။

(ဍ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးကိုတစ်နည်းနည်းဖြင့် ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးမှ စားသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းလည်း ပါဝင်သည်။

(ဎ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စား ခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ရေထိန်းတာတမံဆည်များ၊ အစိုးရဌာနတစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့် အသိုက်များ၊ ကျင်းများ၊ ရေချိုရေငန်စပ်ဒေသများ စသည်တို့လည်း ပါဝင်သည်။ ထို့အပြင် ပင်လယ်နှင့် ဆက်စပ်သည့်မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏ တစ်ဖက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဖက်ကမ်း အစွန်ဆုံးထိ ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေကျရာဘက်ရေပြင်သည် ရေချိုငါးလုပ်ငန်းရေပြင်ဖြစ်သည်။

(ဏ) **ဂရန်အင်း** ဆိုသည်မှာ ဌာနကနယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(တ) **သီးသန့်အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသော ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ထ) **ဘေးမဲ့အင်း** ဆိုသည်မှာ ဌာနက ငါမျိုးပြုန်းတီးမှု မရှိစေရန်နှင့် ငါးမျိုးများ ပွားများလာစေရန်အလို့ငှာ သုတေသနရှာမှီးရန်မှအပ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်း ဟုသတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုမှ ရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကိုဆိုသည်။

(န) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ပ) **လိုင်စင်** ဆိုသည်မှာ တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ရေထွက်ပစ္စည်းများကို

ရောင်းဝယ်စုဆောင်းခြင်းအတွက်ဖြစ်စေ၊ အပျော်တမ်းငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ငါးနှင့်ပတ်သက်သော အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ဌာနကထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလိုင်စင် တစ်မျိုးမျိုးရရှိသူကို ဆိုသည်။

(ဗ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏ အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားနိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီ၏ လုပ်ငန်းပမာဏအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

(ဘ) **တင်ဒါချက်** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးဖမ်းလုပ်ကိုင်ခွင့်ပြုသော ပိုက်ချခွင့်ရှိသည့် ပိုက်ချက်နေရာ လုပ်ကွက်ကို ဆိုသည်။

(မ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေပါဝင်လုပ်ကိုင်နေသူကို

ဆိုသည်။ ယင်းစကားရပ်တွင် ရေလုပ်သားငယ်၊ ရေလုပ်သားလတ်၊ ရေလုပ်သားကြီးများနှင့် ရေလုပ်သားအစုအဖွဲ့များ ပါဝင်သည်။

(ယ) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့** ဆိုသည်မှာ ဒေသခံ ရေလုပ်သား များက ငါးဖမ်းခြင်းလုပ်ငန်းကို အစုအဖွဲ့ဖြင့် ပူးပေါင်း၍ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်ဌာနတွင် မှတ်ပုံတင်ထားသော အစုအဖွဲ့ကို ဆိုသည်။

(ရ) **အစုအဖွဲ့ဝင်ဒေသခံရေလုပ်သား** ဆိုသည်မှာ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်ဒေသခံရေလုပ်သားကို ဆိုသည်။

(လ) **ဟင်းစား** ဆိုသည်မှာ မည်သူမဆို လိုင်စင်လျှောက်ထားရန် မလိုအပ်သော အခွန်ကင်းလွတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ဖြစ်စေ၊ ခွင့်ပြုထားသည့် အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ စီးပွားဖြစ် ရောင်းချရန်မဟုတ်ဘဲ မိမိ၏မိသားစု တစ်နပ်စာဟင်းလျာအဖြစ် ကိုယ်တိုင်စားသုံးရန် ငါးရှာဖွေဖမ်းဆီးခြင်းကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်ရန်နှင့် ဂေဟစနစ်ကို စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်၊

(စ) ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းနှင့်စပ်လျဉ်းသည့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)

## အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ငါးပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာနကသတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဌာနကသတ်မှတ်သည့် နည်းလမ်းများနှင့်ကိုက်ညီပါက ငါးပြုပြင်မွမ်းမံခွင့်၊ ရေထွက်ပစ္စည်းရောင်းဝယ်ခွင့်၊ စုဆောင်းခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ အအေးခန်းစက်ရုံတည်ထောင် လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် သက်ဆိုင်ရာဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အငှားဂရန် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) တိုင်းဒေသကြီးအစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ငါးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားခြင်း။

၉။ ဂရန်အင်းလေလံတင်ရောင်းချခြင်း၊ တိုင်းဒေသကြီးငါးလုပ်ငန်း ရေပြင် တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားခြင်းတို့ကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါ လိုင်စင်ချထားခြင်းပြုနိုင်သည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချခြင်း၊ တင်ဒါလိုင်စင် ချထားခြင်းတို့ကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူပြီးမှသာ အငှား ဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စ တို့မှအပ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာတစ်ခုခုဖြင့် ငါးဖမ်း လိုကြောင်း လျှောက်ထားလာလျှင် ဌာနမှသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် လုပ်ကိုင်မည့် ရေလုပ်သားများအတွက် မှတ်ပုံတင်လျှောက်ထားလာလျှင် ဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

## အခန်း (၄)
## အခွန်အခပေးဆောင်ခြင်း

၁၃။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သတ်မှတ်ထားသည့် အခွန်အခ များကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

၁၄။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် အင်းခွန်နှင့် အင်းပြုပြင်ထိန်းသိမ်းစရိတ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အဆိုပါအင်းတည်ရှိရာ မြို့နယ်တွင် ပေးဆောင်ရမည်။

၁၆။ လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော အခွန်အခများနှင့်စပ်လျဉ်း၍ နိုင်ငံသားဖြစ်လျှင် မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသားပါဝင်လုပ်ကိုင်သည့် လုပ်ငန်းဖြစ်လျှင် ဌာနကသတ်မှတ်သည့် ငွေကြေးဖြင့်လည်းကောင်း ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် ငွေဖြင့် ပေးဆောင်ရမည်။

၁၈။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရသော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီး၏ အကျိုးငှာ လိုအပ်သောငါးလုပ်ငန်းများ။

## အခန်း (၅)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၉။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးဖမ်းကိရိယာ အမျိုးအစား အလိုက် လိုင်စင်နှုန်းထားများသတ်မှတ်ပေးခြင်း၊

(ဂ) ဝန်ကြီး၏သဘောတူညီချက်ဖြင့်တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် လိုင်စင်သက်တမ်းနှင့် အငှားဂရန် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဝန်ကြီးက အခါအားလျော်စွာ သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဝန်ကြီး သဘောတူညီချက်ဖြင့် ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်မကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း စိစစ်တွေ့ရှိရလျှင် ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဌာနကထုတ်ပေးသော အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူ လျှောက်

ထားလာလျှင် သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးခြင်း၊

(ဃ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ခြင်း။

၂၁။ ဤဥပဒေအရ ထုတ်ပေးသော အငှားဂရန်၊ လိုင်စင်ပါစည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားလာပါက ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း၊

(ခ) ငါးများနှင့် အခြားပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ရငွေအဖြစ် ဘဏ္ဍာတွင်ပေးသွင်းခြင်း၊

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသော အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဥပဒေအရ အကျိုးတူငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စမှအပ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဌာန၏ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းကြောင်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ကြီး၏ ခွင့်ပြုချက်ကိုရယူပြီး ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၂၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းဆိုင်ရာ အစားအသောက်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်ထုတ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်ရန် ဌာနမှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကိုဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်၊

(ဃ) ဌာနက တာဝန်ပေးအပ်သည့်အခါ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ပေးရမည်၊

(င) မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ လုပ်ကိုင်ခွင့်ပြုရမည်။

၂၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၂၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်သည်။

## အခန်း (၇)

## ဝန်ကြီး၏လုပ်ပိုင်ခွင့်များ

၂၇။ ဤဥပဒေအရဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ခွင့်ပြုနိုင်သည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အငှားဂရန်၊ အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အသစ်များကို သတ်မှတ်ခြင်း၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားပါက စိစစ်၍ ခွင့်ပြုခြင်း၊

(ဂ) အခြား လျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

## အခန်း (၈)

## စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း

၂၈။ သက်ဆိုင်ရာဦးစီးဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့သည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ တိုင်းဒေသကြီးဦးစီးဌာနမှူးက သီးခြားတာဝန်ပေးအပ်ချက်အရ တိုင်းဒေသကြီးအတွင်းရှိ မည်သည့်ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်

အင်း၊ သီးသန့်အင်း၊ ဘောမဲ့အင်း၊ တင်ဒါချက်အပါအဝင် မည်သည့် ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများ တောင်းယူ စစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(စ) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီး ရရှိမိပါက ထုခွဲရောင်းချပြီး ရောင်းချရငွေကို ဌာန၏ ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း၊

(ဆ) မိမိ၏တာဝန်သတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်း၏ အကူအညီကို တောင်းခံရယူခြင်း။

## အခန်း (၉)

## ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်း

၂၉။ တိုင်းဒေသကြီးအတွင်း ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များကို ဖွဲ့စည်းပြီး ၎င်းအဖွဲ့မှ စည်းမျဉ်းစည်းကမ်းများရေးဆွဲသတ်မှတ်ရမည်။

၃၀။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်လိုပါက မည်သည့်အဆင့်တွင်မဆို အဖွဲ့ဝင်အားလုံး၏ အများသဘောတူ ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နိုင်သည်။

၃၁။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်သူများမှ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ တည်ထောင်လုပ်ကိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၃၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များတည်ထောင်လုပ်ကိုင်ရာတွင် တိကျသော နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသော စီမံခန့်ခွဲမှုအစီအစဉ်များကို ရေးဆွဲရန် မြို့နယ်ဦးစီးဌာနမှူးက ကူညီဆောင်ရွက်ပေးရမည်။

၃၄။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို မြို့နယ်ဦးစီးဌာနမှူးက ကြီးကြပ်စစ်ဆေးရမည်။

၃၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ အချင်းချင်းကြားတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ခရိုင်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

၃၆။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ကို လုပ်ကိုင်ခွင့်ပြုပြီးဖြစ်သော်လည်း အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ဖျက်သိမ်းရမည်–

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ခြင်း၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အတွင်းဖြေရှင်းမရသောအငြင်းပွားမှုများ ပေါ်ပေါက်ခြင်း၊

(ဂ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့၏ လုပ်ငန်းကို (၂) နှစ်ဆက်တိုက် လုပ်ကိုင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) ဤဥပဒေနှင့်အညီဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၃၇။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့က ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးမဖမ်းရ ဧရိယာကို လျှောက်ထားလာပါက သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်ပေးရမည်။

၃၈။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးအတွက် လျှောက်ထားလာသည့် ကိစ္စရပ်များတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သလို စိစစ်ပြီး ကူညီဆောင်ရွက်ပေးရမည်။

## အခန်း (၁၀)

## အယူခံခြင်း

၃၉။ (က) ဤဥပဒေအရ ငါးဖမ်းကိရိယာနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူး၏ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း တိုင်းဒေသကြီးဦးစီးမှူးထံ အယူခံဝင်နိုင်သည်။

(ဃ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မခွဲ(ဂ)အရ ခရိုင်ဦးစီးမှူးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။

(င) ပုဒ်မခွဲ(ဃ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(စ) ဝန်ကြီးသည် ပုဒ်မခွဲ(င)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ဝန်ကြီးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၀။ (က) နှစ်ရှည်အငှားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေပုဒ်မ-၈ (က) (ခ) အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ချမှတ်သည့်နေ့မှရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ဝန်ကြီးက

ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၄၁။ ဤအခန်းပါ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နစ်နာသူမှ လျှောက်ထားလာပါက သက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့်ဌာနသည် ၎င်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသည့်နေ့မှ (၇)ရက်အတွင်း ထုတ်ပေးရမည်။

## အခန်း (၁၁)

## ပြန်အမ်းငွေလျှောက်ထားခြင်း

၄၂။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်လာလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက်ထားနိုင်သည်-

(က) တိုင်းဒေသကြီး၏ အကျိုးငှာ၊ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားမမျှော်မှန်းနိုင်သည့် အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၄၃။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၄၂ အရ လျှောက်ထားလာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၄၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၄၂ အရ လျှောက်ထားလာသည့် ကိစ္စမှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော ပြန်အမ်းငွေပမာဏကို ဝန်ကြီးထံ တင်ပြရမည်။

၄၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၄၆။ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၄၅ အရ အဆုံးအဖြတ် ပြုသည့် ပြန်အမ်းငွေပမာဏကို ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၄၇။ ဟင်းစားမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၈။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း၊

(င) မျိုးရိုးဗီဇပြောင်းလဲထားသည့် တားမြစ်ငါးမျိုးများကို မွေးမြူခြင်း။

၄၉။ မည်သူမျှအင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါဆွဲဝယ်ပြီးနောက် ဌာန၏ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၅၀။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၅၁။ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ် သို့မဟုတ် ရေချိုငါးလုပ်ငန်း ရေပြင်နှင့် ဆက်စပ်ရေိယာအတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊

(ခ) အင်း၏ ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၅၂။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင် ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၅၃။ မည်သူမျှအောက်ပါ ရေထွက်ပစ္စည်းများဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော ဘေးဥပါဒ် အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဓာတုဗေဒပစ္စည်းများနှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် အလေးချိန်တိုးရန် တစ်နည်းနည်းဖြင့်ပြုလုပ်ထားသော ရေထွက်ပစ္စည်းဆိုင်ရာ စားသုံးကုန်ပစ္စည်း။

၅၄။ ဤဥပဒေအရ တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အပ်နှင်းခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အောက်ပါတားမြစ်ချက် တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

## အခန်း (၁၃)

## ပြစ်ဒဏ်များ

၅၅။ မည်သူမဆို ပုဒ်မ ၄၇ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်လျှင် အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံးထောင်ဒဏ် (၂)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်လျှင် အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံးထောင်ဒဏ် (၃)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ မည်သူမဆို ပုဒ်မ ၄၈ နှင့် ၅၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၃)လမှ အများဆုံး

ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၅၁ နှင့် ၅၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၆)လမှ အများဆုံးထောင်ဒဏ် (၂)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၅၉။ ဤဥပဒေပုဒ်မ ၅၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၂)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၀။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၆၁။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၄)

## အထွေထွေ

၆၂။ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ဝန်ကြီးဌာန သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သော ခံဝန်ဖြင့်

ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ်ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း၊

(င) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးနှင့်အခြားသက်သေခံပစ္စည်းများကို အစိုးရအဖွဲ့ ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(စ) ပုဒ်မခွဲ (က)မှ (င) အထိ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။

၆၃။ ဤဥပဒေကို ဖောက်ဖျက်ကျူးလွန်သောပြစ်မှုအား တရားစွဲဆိုတင်ပို့ရာတွင် တရားရုံး ရှေ့မှောက်သို့တင်ပြရန် မလွယ်ကူသော သက်သေခံပစ္စည်းများကို တင်ပြရန်မလိုဘဲ ယင်းပစ္စည်းများအား မည်သို့စီမံ ဆောင်ရွက်ထားကြောင်း အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြားစာရွက်စာတမ်း အထောက်အထား များဖြင့်သော်လည်းကောင်း တရားရုံးသို့တင်ပြရမည်။

၆၄။ ပုဒ်မ ၅၄ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန်လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၆၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို ရဲအရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၆။ ဦးစီးဌာနမှူးသည် မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၇။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိ သကဲ့သို့မှတ်ယူ၍ ကောက်ခံရမည်။

၆၈။ ဤဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် စည်းကမ်းချက်များကို ထုတ်ပြန် နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၉။ တနင်္သာရီတိုင်းဒေသကြီး ရေချိုနှင့် ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ ဥပဒေ (၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၅) ကို ဤ ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလဲ့လဲ့မော်

ဝန်ကြီးချုပ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့